## တတိယအကြိမ် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် စတုတ္ထအကြိမ် (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍအစီရင်ခံစာများနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကြေညာချက်

ရန်ကုန်မြို့ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈) ရက်

*သစ်တောကဏ္ဍသည် မြန်မာနိုင်ငံ၏ အရေးပါသောသယံဇာတကဏ္ဍဖြစ်သည့်အလျောက် သယံဇာတ စီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူမှု၊ တာဝန်ခံမှုအား တိုးမြှင့်လာစေရန် တိုက်တွန်းအားပေး သည့် နိုင်ငံတကာ "EITI စံနှုန်း" နှင့်အညီ တတိယအကြိမ် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် စတုတ္ထ အကြိမ် (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) မြန်မာနိုင်ငံ EITI သစ်တောအစီရင်ခံစာများအား ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ (၁၅) ရက်နေ့တွင် ပြုစုထုတ်ပြန်ခဲ့ပါသည်။*

### ၁။ <u>လွှမ်းခြုံမှုနယ်ပယ်</u>

မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန့်ပေါင်းအဖွဲ့သည် တတိယအကြိမ် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် စတုတ္ထအကြိမ် (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍ အစီရင်ခံစာများအား EITI စံနှုန်းများနှင့်အညီပြုစုထုတ်ပြန်နိုင်ရန်အတွက် လွတ်လပ်သောစာရင်းတိုက်ဆိုင်သောအဖွဲ့အဖြစ် BDO LLP အား ငှားရမ်းဆောင်ရွက်ခဲ့ပါသည်။ ယင်းတတိယအကြိမ်နှင့် စတုတ္ထအကြိမ် မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍအစီရင်ခံစာများတွင် ဆက်နွယ်သည့် အစိုးရဌာန၊ အဖွဲ့အစည်းများမှ စာရင်းကိန်းဂဏန်း အချက်အလက်များနှင့် သစ်တောကဏ္ဍကုမ္ပဏီများမှ ကောက်ခံရရှိသော စာရင်းကိန်းဂဏန်းအချက် အလက်များကို တိုက်ဆိုင်စစ်ဆေးထားပါသည်။ သစ်တောဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ရသုံး မှန်းခြေငွေစာရင်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေတိုက်ဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စသည့်အစိုးရဌာန/အဖွဲ့အစည်းများ၊ နိုင်ငံတော်ပိုင် စီးပွားရေး အဖွဲ့အစည်းဖြစ်သည့် မြန်မာ့သစ်လုပ်ငန်းနှင့် သစ်တောထွက်ပစ္စည်း ထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် ကုမ္ပဏီ (၂၇) ခုက ယင်းသစ်တောကဏ္ဍအစီရင်ခံစာများ ပြုစုထုတ်ပြန်နိုင်ရန်အတွက် ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

### ၂။ <u>အဓိကတွေ့ရှိချက်များ</u>

(က) ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၃၈၀.၈၁ သန်းနှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၃၂၂.၀၅ သန်းတို့အား နိုင်ငံတော်ဘဏ္ဍာသို့ သစ်တောကဏ္ဍအခွန်ငွေအဖြစ် ရရှိခဲ့ကြောင်း တွေ့ရှိရပါသည်။

(ခ) သစ်ထုတ်လုပ်မှုနှင့်ပတ်သက်၍ မြန်မာ့သစ်လုပ်ငန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ် အတွင်း ကျွန်း ၁,၂၄၇ ဟော့ပတ်စ်တန်၊ သစ်မာ ၉,၅၈၇ ဟော့ပတ်စ်တန် နှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း

ကျွန်း ၁၄,၉၄၃ ဟော့ပတ်တန်၊ သစ်မာ ၃၂၄,၆၁၀ ဟော့ပတ်စ်တန် တို့ကို ထုတ်ယူခဲ့ကြောင်း တွေ့ရှိရပါသည်။

(ဂ) သစ်ရောင်းချမှုမှ ၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၂၈၃ ဒေါ်လာနှင့် ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အမေရိကန်ဒေါ်လာသန်းပေါင်း ၂၂၃ ဒေါ်လာ အသီးသီးရရှိခဲ့ပါသည်။ ဘဏ္ဍာရေးနှစ် (၂) နှစ်လုံးတွင် ပြည်ပသို့ တင်ပို့ရောင်းချမှုသည် ၆၀% ကျော်စီ ရှိခဲ့ပြီး အများစုသည် အိန္ဒိယနိုင်ငံသို့ တင်ပို့ခဲ့ခြင်း ဖြစ်ပါသည်။

၃။ **အကြံပြုတိုက်တွန်းချက်များ**

တတိယအကြိမ် (၂၀၁၆-၂၀၁၇ ခု၊ ဘဏ္ဍာရေးနှစ်) နှင့် စတုတ္ထအကြိမ် (၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ်) မြန်မာနိုင်ငံ EITI သစ်တောကဏ္ဍ အစီရင်ခံစာများတွင် သစ်တောကဏ္ဍစီမံခန့်ခွဲမှု ပိုမိုတိုးတက်ကောင်းမွန်စေရန် အကြံပြုချက် (၄) ချက်နှင့် EITI စံနှုန်းအကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုထိရောက်ကောင်းမွန်စေရန် အကြံပြုချက် (၂) ချက် စသဖြင့် စုစုပေါင်း အကြံပြုချက် (၆) ချက် ရရှိခဲ့ပါသည်။

တတိယအကြိမ်နှင့်စတုတ္ထအကြိမ် သစ်တောကဏ္ဍအစီရင်ခံစာများအပြည့်အစုံအား MEITI Website (www.myanmareiti.org) တွင် ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။

(Extractive Industries Transparency Initiatives (EITI) ဆိုသည်မှာ သယံဇာတစီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအား တိုက်တွန်းအားပေးသည့် နိုင်ငံတကာစံနှုန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါစံနှုန်းအား မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၅၃) နိုင်ငံမှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် EITI လုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလအတွင်း နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ မြန်မာနိုင်ငံ၏ EITI အကောင်အထည် ဖော်မှုအား အဓိပ္ပာယ်ရှိသောတိုးတက်မှု (Meaningful Progress) အဖြစ် သတ်မှတ်ခဲ့ပါသည်။ မြန်မာနိုင်ငံသည် EITI အဖွဲ့ဝင်နိုင်ငံအဖြစ် EITI စံနှုန်းနှင့်အညီ နှစ်စဉ်အစီရင်ခံစာများ ပြုစု ထုတ်ပြန်လျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံ၏ အရေးပါသော သယံဇာတကဏ္ဍတစ်ခုဖြစ်သည့် သစ်တော ကဏ္ဍအတွက် မြန်မာနိုင်ငံ EITI (MEITI) သစ်တောကဏ္ဍအစီရင်ခံစာ (၄) စောင် ပြုစုထုတ်ပြန်ထားရှိပြီး ဖြစ်ပါသည်။)

အစီရင်ခံစာများနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းလိုပါက-
မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး၊
အမှတ် (၁၃) အေ၊ မြရတနာလမ်း၊ (၁၆) ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉ ၄၀၀ ၈၈၈ ၁၂၃၊ အီးမေးလ် - communication@myanmareiti.org